# အောင်သန်း (ဦး)
# (ဗိုလ်ချုပ် အောင်ဆန်းအစ်ကို)

၂၀-၈-၁၉၁၁ ရက်နေ့တွင် နတ်မောက်မြို့၌ အဖ ဦးဖာ၊ အမိ ဒေါ်စုတို့မှ မွေးဖွားခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် အငယ်တန်းမြို့ပြဝန်ထမ်း၊ ၁၉၄၅ ခုနှစ်တွင် နုတ်ထွက်ခဲ့ပြီး နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့သည်။ ၁၉၄၆-၄၇ ခုနှစ်တွင် မကွေးခရိုင် ဖဆပလဥက္ကဋ္ဌ၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြုစုရေးအဖွဲ့တွင် မကွေးမှ ရွေးချယ်ခြင်းခံရသည်။ ၁၉၄၇ ခုနှစ်တွင် တစ်သီးပုဂ္ဂလနိုင်ငံရေးသမား အတွင်းဝန်၊ ၁၉၄၈-၄၉ ခုနှစ်တွင် ပါလီမန်အတွင်းဝန်၊ ၁၉၅၁ ခုနှစ်တဝင် ဖဆပလမှ နုတ်ထွက်ခဲ့သည်။ ၁၉၅၁-၅၅ ခုနှစ်တွင် အမျိုးသားညီညွတ်ရေးတပ်ဦး၌ သဘာပတိအဖွဲ့ဝင်၊ ၁၉၅၈ ခုနှစ်တွင် အမျိုးသားကြီးပွားရေးပါတီဥက္ကဋ္ဌ၊ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ၁၉၅၁ ခုနှစ်တွင် ဒီမိုကရေစီပိုင်ခွင့်များ ကာကွယ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့ဂျာနယ်တိုက် ပိုင်ရှင်နှင့် ထုတ်ဝေသူအဖြစ် လုပ်ကိုင်ခဲ့သည်။ ၃-၄-၅၉ ရက်နေ့တွင် အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ ၅ အရ ဖမ်းဆီးခြင်းခံရပြီး ၇-၅-၅၉ ရက်နေ့မှ ၁၆-၁-၆၀ ရက်နေ့ထိ ကိုကိုးကျွန်းတွင် ထိန်းသိမ်းထားခြင်းခံရသည်။ ၁၉၅၀ ပြည့်နှစ်တွင် ဒပ်ဖ်လင်၌ကျင်းပသော နိုင်ငံတကာ ပါလီမန်အမတ်များသမဂ္ဂကွန်ဖရင့်သို့ တက်ရောက်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ယဉ်ကျေးမှုမစ်ရှင်အဖွဲ့ဝင်အဖြစ် ဆိုဗီယက်သို့ သွားရောက်ခဲ့သည်။ ဒေါ်ခင်နုနှင့် လက်ထပ်ခဲ့ပြီး သားသမီးငါးယောက် ထွန်းကားခဲ့သည်။ ဦးစောလှအောင်သန်း (ကွယ်လွန်)၊ ဒေါ်ရီရီသန်း၊ ဒေါ်တီတီအောင်သန်း၊ ဦးချိုအောင်သန်း၊ ဒေါ်ငယ်မသန်းတို့ ဖြစ်သည်။ နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့် ချီးမြှင့်ခြင်းခံခဲ့ရသည်။ တိုက် (၂၇၂)၊ အခန်း (၁၂)၊ အရှေ့ရန်ကင်းတွင် နေသည်။ ၂၄-၁၁-၁၉၉၁ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။